# ၂၃း အသက်တာ၌ ဘုရားသခင်ကို ဦးစွာထားခြင်း

မ ၆း၁-၃၂

လူများတို့ မြင်စေခြင်းငှာ ကိုယ်သီလ အကျင့်ကို သူ့ရှေ့မှောက်၌ မကျင့်မည် အကြောင်း သတိပြုကြလော့။ သို့မဟုတ် ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့ အဘထံမှ အကျိုးကို မခံမရကြ။

**ထို့ကြောင့် သင်သည် အလှူဒါနကို ပေးသောအခါ လျှို့ဝှက်သော သူတို့သည် လူများ အချီးအမွမ်းကို ခံလို၍ ပွဲသဘင် လမ်းခရီး၌ မိမိတို့ရှေ့မှာ တံပိုးခရာ မှုတ်စေသည်နည်းတူ မပြုနှင့်။ ငါအမှန် ဆိုသည်ကား၊ ထိုသူတို့သည် မိမိတို့ အကျိုးကို ရကြပြီ။**

သင်သည် အလှူဒါနကို ပေးသောအခါ၊ ပေးကြောင်းကို  မထင်ရှား စေခြင်းငှာ လက်ျာလက် ပြုသည်အမှုကို  လက်ဝဲလက်မျှ မသိစေနှင့်။

**မထင်ရှားသော အရာကို မြင်တော်မူသော သင်၏ အဘသည် အကျိုးကို ထင်ရှားစွာ  ပေးတော်မူလတ့ံ။**

သင်သည် ဆုတောင်းပဌနာ ပြုသောအခါ လျှို့ဝှက်သော သူတို့နည်းတူ မပြုနှင့်။ ထိုသူတို့သည် လူများတို့ရှေ့မှာ ထင်ရှားစေခြင်းငှာ၊ ပွဲသဘင် လမ်းဆုံလမ်းဝတို့၌ ရပ်လျက်ဆုတောင်းခြင်းငှာ အလိုရှိကြ၏။ ငါအမှန် ဆိုသည်ကား၊ ထိုသူတို့သည် မိမိတို့ အကျိုးကို ခံရကြ၏။

**သင်သည် ဆုတောင်းသောအခါ ဆိတ်ငြိမ်ရာ အခန်းသို့ ဝင်၍ တံခါးကို ပိတ်ပြီးမှ မထင်ရှားသော အရပ်၌ ရှိတော်မူသော သင်၏အဘကို ဆုတောင်းလော့။ မထင်ရှားသော အရာကို မြင်တော်မူသော သင်၏ အဘသည် အကျိုးကို ထင်ရှားစွာ ပေးတော်မူ လတ့ံ။**

သင်တို့သည် ဆုတောင်းသောအခါ သာသနာပ လူနည်းတူ အချည်းနှီးသော စကားဖြင့် အထပ်ထပ် မမြွက်ကြနှင့်။ ထိုသူတို့သည် များစွာသော စကားအားဖြင့် မိမိတို့အလို ပြည့်စုံမည်ဟု ထင်မှတ်ကြ၏။

**ထိုသူတို့ နည်းတူ မပြုကြနှင့်။ အကြောင်းမူကား၊ သင်တို့အလိုရှိ သမျှတို့ကို သင်တို့မတောင်းမှီ သင်တို့အဘ သိတော်မူ၏။**

ထိုကြောင့် သင်တို့ ဆုတောင်းရမည်မှာ  ကောင်းကင်ဘုံ၌ ရှိတော်မူသော အကျွန်ုပ်တို့အဘ၊ ကိုယ်တော်၏  နာမတော်အား ရှိသေ လေးမြတ်ခြင်း ရှိပါစေသော။

**နိုင်ငံတော် တည်ထောင်ပါစေသော။ အလိုတော်သည်  ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာ ပြည့်စုံပါစေသော။**

အသက် မွေးလောက်သော အစာကို အကျွန်ုပ်တို့အား ယနေ့ ပေးသနားတော်မူပါ။

**သူတပါးသည် အကျွန်ုပ်တို့ကို ပြစ်မှားသော အပြစ်များကို အကျွန်ုပ်တို့သည် လွှတ်သကဲ့သို့ အကျွန်ုပ်တို့၏ အပြစ်များကို လွှတ်တော်မူပါ။**